

# ယာဉ်တိုက်မှုဆိုင်ရာ စွမ်းအင်လှုပ်ရှားမှုစနစ်

## မှန်ကန်သော ကလေးကားထိုင်ခုံကို အသုံးပြုရန် အရေးကြီးပါသည်။

**ယာဉ်တိုက်မှုဆိုင်ရာ စွမ်းအင်လှုပ်ရှားမှုစနစ် (Crash Dynamics) ဆိုသည်မှာ မော်တော်ယာဉ်တိုက်မှုတစ်ခုမှ ထွက်ပေါ်လာသော စွမ်းအင်သက်ရောက်မှု အင်အားစုများ ဖြစ်သည်။**

ကလေးကားထိုင်ခုံများသည် ထိခိုက်ဒဏ်ရာရရှိမှုကို ကာကွယ်ပေးပါသည်။ ကလေးကားထိုင်ခုံများသည် ယာဉ်တိုက်မှုမှဖြစ်ပေါ်လာသည့်အားများကို စုပ်ယူပြီး ကျန်ရှိနေသော ရိုက်ခတ်မှုအားကို ကလေး၏ခန္ဓာကိုယ်အနှံ့သို့ ညီတူညီမျှ ပျံ့နှံ့စေသည်။

ကလေး၏ အသက်၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်တို့နှင့် ကိုက်ညီပြီး စနစ်တကျ တပ်ဆင်ထားသည့် ကလေးကားထိုင်ခုံကို အသုံးပြုခြင်းဖြင့် သင့်ကလေးကို ကာကွယ်ပါ။

NEW YORK STATE | Department of Health

# ယာဉ်တိုက်မှု၏ ဖြစ်စဉ်အဆင့်များ

## အဆင့် ၁။ ယာဉ်ထိခိုက်မှု

ယာဉ်တစ်စီးသည် အရာဝတ္ထုတစ်ခုနှင့် တိုက်မိသောအခါ ပိန်လိမ်သွားခြင်း သို့မဟုတ် ကွေးကောက်သွားခြင်း ဖြစ်ပေါ်သည်။



## အဆင့် ၂။ လူထိခိုက်မှု

ယာဉ်ရပ်သွားသောအခါတွင် လူ့ခန္ဓာကိုယ်သည် ယာဉ်၏ မူလအမြန်နှုန်းဖြင့် ဆက်လက်ရွေ့လျားနေချိန်တွင် ဖြစ်ပေါ်သည်။



## အဆင့် ၃။ ကိုယ်တွင်းအင်္ဂါ ထိခိုက်မှု

ခန္ဓာကိုယ်သည် လုံးဝရပ်တန့်သွားပြီးသော်လည်း အတွင်းအင်္ဂါများသည် လှုပ်ရှားနေဆဲဖြစ်သည့် အချိန်တွင် ဖြစ်ပေါ်သည်။ ဤအဆင့်သည် ပြင်းထန်ပြီး သို့မဟုတ် အသက်အန္တရာယ်ရှိသည့် ထိခိုက်ဒဏ်ရာများ ဖြစ်စေလေ့ရှိသည်။



# ကလေးကားထိုင်ခုံ အမျိုးအစားများ



အနောက်ဘက်မျက်နှာမူသည့် ကလေးကားထိုင်ခုံသည် ဦးခေါင်း၊ လည်ပင်းနှင့် ကျောရိုးတို့ကို ကာကွယ်ပေးခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံးသို့ တိုက်မိသည့်အားကို ပျံ့နှံ့စေခြင်းဖြင့် ဒဏ်ရာရရှိနိုင်ခြေကို လျော့နည်းစေသည်။




ရှေ့သို့မျက်နှာမူထားသော ကလေးကားထိုင်ခုံသည်ကလေးကို ကားထိုင်ခုံတွင်ထားစဉ် ကလေး၏ခန္ဓာကိုယ်ပေါ်သို့သက်ရောက်သည့် တိုက်မိသည့်အားကို ပျံ့နှံ့စေသည်။ ထိန်းကြိုးကို အသုံးပြုခြင်းသည့် ကလေး၏ဦးခေါင်းကို ရှေ့သို့ရွေ့သွားခြင်းမှ တားဆီးပေးသည်။



အမြင့်မြှင့်ကလေးထိုင်ခုံများသည် ပေါင်နှင့်ပခုံးခါးပတ်ကို တင်ပါးနှင့်ရင်ဘတ်ပေါ်တွင် ကောင်းစွာတပ်ဆင်နိုင်စေရန် ကလေးအား မြှင့်တင်ပြီး နေရာချပေးသည်။



ထိုင်ခုံခါးပတ်များသည် ယာဉ်တိုက်မှုဖြစ်ပွားပါက ခရီးသည်ကို ယာဉ်ထိုင်ခုံတွင် ရှိနေစေရန်ထိန်းပေးသည်။ ထိုင်ခုံခါးပတ်သည် တင်ပါးနှင့်ရင်ဘတ်ပေါ်တွင် သိုင်းပတ်ထားရမည်။

**သင့်ကလေးကို မှန်ကန်စွာတပ်ဆင်ထားသည့် ကလေးကားထိုင်ခုံတွင်သိုင်းပတ်ထားခြင်းက မတော်တဆမှုတစ်ခုတွင် အသက်ရှင်ကျန်ရစ်မှုကို မြှင့်တင်ပေးပါသည်။**

- ကလေးကားထိုင်ခုံများသည် ကလေးကို ချက်ချင်းရပ်တန့်စေမည့်အစား ယာဉ်တိုက်မှု၏သက်ရောက်မှုကို လျှော့ချပေးသည်။
- ကလေးကားထိုင်ခုံများသည် ကလေးကို ၎င်းတို့၏ထိုင်ခုံတွင်ထားစဉ် ကလေး၏ခန္ဓာကိုယ်၏ ပိုမိုကြံ့ခိုင်သောအစိတ်အပိုင်းတစ်ခုပေါ်သို့ တိုက်မိသည့်အားများကို ပျံ့နှံ့စေသည်။
- ကလေးကားထိုင်ခုံများသည် ကလေး၏ဦးခေါင်းကို ခန္ဓာကိုယ်နှင့် တစ်တန်းတည်းဖြစ်စေပြီး ၎င်းတို့၏လည်ပင်းကို ကာကွယ်ပေးပါသည်။

# ယာဉ်အတွင်း ထိုင်ခုံခါးပတ်မပတ်ထားသော ခရီးသည်များနှင့် လွတ်နေသောပစ္စည်းများ တိုက်မိခြင်းမှ ကာကွယ်ပေးသည်။

- ယာဉ်ပေါ်ရှိ ခရီးသည်အားလုံးသည် ထိုင်ခုံခါးပတ်ပတ်ရမည်။
- ခရီးစဉ်တိုင်းအတွက် ကလေးကားထိုင်ခုံ၊ အမြင့်မြှင့်ကလေးထိုင်ခုံ သို့မဟုတ် ထိုင်ခုံခါးပတ်ကို အသုံးပြုပါ။
- လွတ်နေသော ပစ္စည်းများကို ထိုင်ခုံအောက်၊ နောက်ဖုံး သို့မဟုတ် ပစ္စည်းထည့်သည့်အံဆွဲထဲတွင် လုံခြုံစွာ ထည့်သွင်းသိမ်းဆည်းပါ။
- ကလေးငယ်များသည် အသက် ၁၃ နှစ်မပြည့်မချင်း နောက်ခန်းထိုင်ခုံတွင်သာ ထိုင်ရမည်။
- သင်သည် အမေရိကန်ပြည်ထောင်စု၏ ဘေးကင်းလုံခြုံရေး စံနှုန်းများနှင့် ကိုက်ညီသည့် ကလေးကားထိုင်ခုံကို အသုံးပြုထားကြောင်း သေချာစေပါ။
- ကလေးကားထိုင်ခုံကို မှန်ကန်စွာတပ်ဆင်ရန်အတွက် ကားထိုင်ခုံထုတ်လုပ်သူ၏ ညွှန်ကြားချက်များနှင့် ယာဉ်လက်စွဲစာအုပ်ကို လိုက်နာပါ။
- ဤ QR ကုဒ်ကို အသုံးပြု၍ သင့်ကလေးကားထိုင်ခုံကို အသိအမှတ်ပြုလက်မှတ်ရ ကလေးခရီးသည်ဘေးကင်းရေးနည်းပညာရှင်တစ်ဦးမှ စစ်ဆေးပေးမှုကို ရယူပါ။



health.ny.gov/carseats

trafficsafety.ny.gov

**နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး၏ ယာဉ်အန္တရာယ်ကင်းရှင်းရေး ကော်မတီ (NYS Governor's Traffic Safety Committee) ထံမှ ထောက်ပံ့ငွေဖြင့် အမျိုးသား အဝေးပြေးလမ်းမကြီး ယာဉ်အန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုဌာန (National Highway Traffic Safety Administration) မှ ရန်ပုံငွေ ပံ့ပိုးထားသည်။**

NEW YORK STATE | Department of Health